# Highlights from DVB Debate's Media Scenarios Show

## July 15, 2017

## "How can journalism be unlawful?"

"TNLA ဆိုတာလည်း ငြိမ်းချမ်းရေးညီလာခံမှာတောင် ဖိတ်ကြားခံရတဲ့ အဖွဲ့ဖြစ်တယ်။ သတင်းသွားယူတာ ဘာမှမဖြစ်လောက်ဘူးလို့ပဲ သတင်းသမားတွေက ယူဆထားတယ်။ ဒါကို သူပုန်ကိုသွားအားပေးတယ် ထောက်ပံ့တယ်လို့ မယူဆသင့်ဘူး"

ဦးသီဟသွေး - နိုင်ငံခြားသတင်းထောက်၊ ဆောင်းပါးရှင်

---

"မတရားအသင်းဆက်သွယ်မှု ဥပဒေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၉ ခုနှစ်က ပြဋ္ဌာန်းထားတာ. ငြိမ်းချမ်းရေးဆွေးနွေးတဲ့အဖွဲ့တွေလည်း ဒီဥပဒေကို ရုပ်သိမ်းပြီးမှသာ ငြိမ်းချမ်းရေးဆွေးနွေးရမှာ. သူတို့လည်း ငြိတာပဲလေ"

ဦးသိန်းညွှန့် - ပြည်သူ့လွှတ်တော်အမတ်ဟောင်း၊ တရားလွှတ်တော်ရှေ့နေ

---

"ဥပဒေကြောင်းအရ အသာစီးယူပြီး လက်ရှိ အာဏာရအဖွဲ့အစည်းတွေနဲ့ ဆန့်ကျင်ပြီး လုပ်နေတဲ့ အဖွဲ့တွေကို မတရားအသင်းလို့ ပြောနေတာသည် ဒီမိုကရေစီ ခေတ် မှာ မရှိသင့်တော့ဘူး"

မသီတာ(စမ်းချောင်း) - ပန်င်နိုင်ငံတာအဖွဲ့ ဘုတ်အဖွဲ့ဂင်၊ စာရေးဆရာ

---

"၁၇(၁) ပုဒ်မရဲ့ သက်ရောက်နိုင်မှုဟာ အင်မတန်ကျယ်ပြန့်တယ်. ကျနော်တို့ သတင်းသမားတွေ ဆက်သွယ် သုံးနေတဲ့ အီးမေးလ်တွေ ဖုန်းတွေကြောင့် ကျနော်တို့မှာလည်း အချိန်မရွေး သက်ရောက်ခံရနိုင်တယ်"

ဦးသီဟသွေး - နိုင်ငံခြားသတင်းထောက်၊ ဆောင်းပါးရှင်

---

"သတင်းမီဒီယာဖြစ်လို့ ဥပဒေကနေတော့ ကင်းလွတ်ခွင့် ရမှာ မဟုတ်ဘူး"

ဦးသိန်းညွှန့် - ပြည်သူ့လွှတ်တော်အမတ်ဟောင်း၊ တရားလွှတ်တော်ရှေ့နေ

---

"တပ်က ဒီဥပဒေ မသုံးလို့လည်း မရဘူးလေ မဟုတ်ရင် သာမန်လူတွေက လွတ်လွတ်လပ်လပ်နဲ့ တိုင်းရင်းသားအဖွဲ့တွေဆီ သွားပြီး စစ်သင်တန်းတွေ ဘာတွေ သွားသင်နေမှာပေါ့။ မီဒီယာသမားတွေကိုတော့ မီဒီယာ ဥပဒေတွေနဲ့ လုပ်ရမှာပေါ့"

ဆလိုင်းဒိုခါရ် - ကံ့ကော်ပညာရေးစင်တာ

---